**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ**
**(National Solidarity and Peace – making Central Committee) ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များကိုထိရောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရေးအတွက်လိုအပ်သောမူဝါဒများ ချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ ဆောင်ရွက်နိုင်ရန် **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ** (National Solidarity and Peace–making Central Committee) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးမင်းအောင်လှိုင် ဥက္ကဋ္ဌ
နိုင်ငံတော်သမ္မတ

(ခ) ဦးညိုစော ဒုတိယဥက္ကဋ္ဌ
ဒုတိယသမ္မတ (၁)

( ဂ ) ဒေါ်နန်းနီနီအေး — အဖွဲ့ဝင်
ဒုတိယသမ္မတ (၂)

(ဃ) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး — အဖွဲ့ဝင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

( င ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်သမ္မတရုံး

( စ ) ဦးတင်အောင်စန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန

(ဆ) ဦးမြထွန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်
ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဇ ) ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

( ဈ ) ဦးတင်မောင်ဆွေ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

(ည) ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

( ဋ ) ဦးသန်းမောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

( ဌ ) ဒေါက်တာ သီတာဦး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(ဍ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး — အဖွဲ့ဝင်
ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)

(ဎ) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် — အတွင်းရေးမှူး

(ဏ) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် — တွဲဖက်အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ (National Solidarity and Peace – making Central Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တို့အတွက် လိုအပ်သောမူဝါဒများ ချမှတ်ပေးရန်နှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများ ချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သောမူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အခြေခံ၍ မူဝါဒများ ချမှတ်ပေးခြင်း၊

(င) ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အကြံပေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၃၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ဖွဲ့စည်းခြင်း**

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးညိုစောဦး<br>ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်ချုပ်ကြီး ကျော်စွာလင်း<br>ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဦးမင်းနောင်<br>ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆန်းဦး<br>ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမြင့်ကြိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာ စိုးဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဝန်ကြီးချုပ်<br>ကယားပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ည) | ဝန်ကြီးချုပ်<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဋ ) | ဝန်ကြီးချုပ်<br>ချင်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဌ ) | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဍ ) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဎ ) | ဝန်ကြီးချုပ်<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဝန်ကြီးချုပ်<br>မွန်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (တ) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ထ) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| ( ဒ ) | တိုင်းမှူး<br>မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( ဓ ) | တိုင်းမှူး<br>အရှေ့မြောက်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( န ) | တိုင်းမှူး<br>အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( ပ ) | တိုင်းမှူး<br>အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( ဖ ) | တိုင်းမှူး<br>တြိဂံဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( ဗ ) | တိုင်းမှူး<br>အရှေ့တောင်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဘ) | တိုင်းမှူး<br>ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| ( မ ) | တိုင်းမှူး<br>အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |

(ယ) တိုင်းမှူး အဖွဲ့ဝင်
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

(ရ) တိုင်းမှူး အဖွဲ့ဝင်
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်

(လ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဝ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(သ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဟ) ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဠ) ရဲချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(အ) ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် အဖွဲ့ဝင်
တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး

(ကက) ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း (ငြိမ်း) အဖွဲ့ဝင်

(ခခ) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော မဟာဗျူဟာချမှတ်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်း ပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့်မူဝါဒများကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန်လိုအပ်သော မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း၊

( င ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်အမှတ် (၃၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

### အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace–making Negotiation Committee) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကိုတာဝန်ယူဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီကချမှတ်ပေးသော လုပ်ငန်းတာဝန်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace – making Negotiation Committee)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် — ဥက္ကဋ္ဌ

( ခ ) ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ဦးသန်းမောင်<br>ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမင်းနောင်<br>ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆန်းဦး<br>ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမြင့်ကြိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်စိုး<br>ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်<br>စစ်ဥပဒေချုပ်<br>စစ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း (ငြိမ်း) | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်ချုပ် စိုးနိုင်ဦး (ငြိမ်း) | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးကြီး မောင်မောင်အုန်း (ငြိမ်း) | အဖွဲ့ဝင် |
| (ဏ) | ဗိုလ်မှူးကြီး (၁) ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (တ) | ဦးလှမောင်ရွှေ | အဖွဲ့ဝင် |
| (ထ) | ဦးရန်ကျော် | အဖွဲ့ဝင် |

( ဒ ) ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် အတွင်းရေးမှူး

( ဓ ) ဗိုလ်မှူးကြီး ဝဏ္ဏအောင် တွဲဖက်အတွင်းရေးမှူး
အတွင်းရေးမှူး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ
ပူးတွဲစောင့်ကြည့်ရေးကော်မတီ

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace-making Negotiation Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ်ပေးထားသော မဟာဗျူဟာများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်း ပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသောအလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော ချမှတ်ပေးထားသည့် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( င ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် သတ်မှတ်ပေးထားသည့် အချိန်ဇယားများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( စ ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်ကောင်းမွန်သော အကြံပြုချက်များ ရှာဖွေဖော်ထုတ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ဆ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးနှင့် တစ်ဆက်တည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဇ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ ဆောင်ရွက်ချက်နှင့် တိုးတက်မှုများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ည) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ငွေကြေးသုံးစွဲခြင်း။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၃၉/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်-

(၁) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်၊

(၂) ထောင်ဒဏ်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန် (ယခင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲထားသူများမပါ)၊

(၃) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ ပြောင်းလဲကျခံစေရန်၊

(၄) ထောင်ဒဏ် နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံ တစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၀/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူ ၄၃၃၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၁/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/ သူ

၁၇၉ ဦးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (က) အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄၂/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် တောင်ငူ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ထောင်ဝင်အမှတ် တင/၂၃/ ၀၀၀၃၅/က ဝင်းမြင့် (ဘ) ဦးထွန်းကျင် အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံ ပါမည်** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နိုင်ငံတော်အတွက် ထူးကဲစွာ အမှုထမ်းသူ၊ အကျိုးဆောင်သူများဖြစ်သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်း လိုက်သည်–

**သုဓမ္မသင်္ဂဟဘွဲ့**

**မဟာသီရိသုဓမ္မဘွဲ့**

၁။ ဦးညိုစော ဒုတိယသမ္မတ

၂။ ဒေါ်နန်းနီနီအေး ဒုတိယသမ္မတ

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သတိုးမဟာသရေစည်သူဘွဲ့**

၁။　ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)　　ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**မဟာသရေစည်သူဘွဲ့**

၁။　ဦးညိုစော　　ဒုတိယသမ္မတ

၂။　ဦးခင်ရီ　　ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်

၃။　ဦးအောင်လင်းဒွေး　　ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

၁။　ဦးစိုးဦး　　အဖွဲ့ဝင်(ငြိမ်း)　　ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ဝဏ္ဏကျော်ထင်ဘွဲ့**

၁။　ဦးဇော်ဝင်း　　သယံဇာတရေးရာဝန်ကြီး(ငြိမ်း)　　ကရင်ပြည်နယ်အစိုးရအဖွဲ့

(ပုံ)　မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## ကြေညာချက်အမှတ် (၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

### ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(၁)　ဦးမင်းအောင်လှိုင်　　နိုင်ငံတော်သမ္မတ

(၂)　ဦးညိုစော　　ဒုတိယသမ္မတ

(၃)　ဒေါ်နန်းနီနီအေး　　ဒုတိယသမ္မတ

| | | |
|---|---|---|
| (၄) | ဦးခင်မောင်ရီ | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၅) | ဦးတင်အောင်စန်း | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန |
| (၆) | ဦးမြထွန်းဦး | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန<br>ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၇) | ဗိုလ်ချုပ်ကြီး ထွန်းအောင် | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (၈) | ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၉) | ဦးတင်မောင်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၀) | ဦးအောင်ကျော်ဟိုး | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား<br>စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၁၁) | ဒေါက်တာ ကံဇော် | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန |
| (၁၂) | ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၁၃) | ဦးသန်းမောင် | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| (၁၄) | ဒေါက်တာ သီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (၁၅) | ဒေါက်တာ ချောချောစိန် | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (၁၆) | ဒေါက်တာ မျိုးသိန်းကျော် | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (၁၇) | ဒေါက်တာ သက်ခိုင်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၁၈) | ဒေါက်တာ သက်သက်ဇင် | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသမီးရေးရာဝန်ကြီးဌာန |

| | | |
|---|---|---|
| (၁၉) | ဦးထိန်လင်း | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၂၀) | ဦးတင်ဦးလွင် | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန |
| (၂၁) | ဦးမင်းနောင် | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂၂) | ဦးမျိုးဇော်သိမ်း | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (၂၃) | ဦးဆန်းဦး | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂၄) | ဦးကိုကိုလွင် | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (၂၅) | ဒေါက်တာ ချာလီသန်း | ပြည်ထောင်စုဝန်ကြီး<br>စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်<br>စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန |
| (၂၆) | ဦးမြင့်ကြိုင် | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂၇) | ဦးခင်မောင်စိုး | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန |
| (၂၈) | ဦးထွန်းအုံ | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၉) | ဦးရဲမြင့်ထွန်း | ပြည်ထောင်စုဝန်ကြီး<br>အားကစားရေးရာဝန်ကြီးဌာန |
| (၃၀) | ဒေါက်တာ မောင်သင်း | ပြည်ထောင်စုဝန်ကြီး<br>လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၁) | ဦးမျိုးသန့် | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၃၂) | ဒေါက်တာ စိုးဝင်း | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန |
| (၃၃) | ဦးမောင်မြင့် | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

(၃၄) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် (၂/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) တို့အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတ

( ခ ) ဦးညိုစော ဒုတိယသမ္မတ

( ဂ ) ဒေါ်နန်းနီနီအေး ဒုတိယသမ္မတ

(ဃ) ဦးခင်ရီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်

( င ) ဦးအောင်လင်းဒွေး ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်

( စ ) ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

(ဆ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

( ဇ ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး

( ဈ ) ဦးတင်မောင်ဆွေ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး

(ည) ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး

( ဋ ) ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူးသည် ရာထူးအလျောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အတွင်းရေးမှူးဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် (၃/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၉၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (၁) | ဦးမင်းအောင်လှိုင် | နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဦးညိုစော | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒေါ်နန်းနီနီအေး | ဒုတိယသမ္မတ | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဒေါက်တာ သီတာဦး | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်နိုင်သက်ဦး | ပြည်ထောင်စုစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဦးခက်ထိန်နန် | ဝန်ကြီးချုပ် ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (၇) | ဦးအံ့မော် | ဝန်ကြီးချုပ် ကယားပြည်နယ် | အဖွဲ့ဝင် |
| (၈) | ဦးစောမြင့်ဦး | ဝန်ကြီးချုပ် ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ ဝုန်ဆွန်းထန် | ဝန်ကြီးချုပ် ချင်းပြည်နယ် | အဖွဲ့ဝင် |
| (၁၀) | ဦးကိုလေး | ဝန်ကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၁) | ဦးဇော်နိုင်ဦး | ဝန်ကြီးချုပ် တနင်္သာရီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၂) | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၃) | ဦးတင်ကိုကို | ဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၄) | ဦးမျိုးအောင် | ဝန်ကြီးချုပ် မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၅) | ဦးအောင်ဝင်းသန်း | ဝန်ကြီးချုပ်<br>မွန်ပြည်နယ် | အဖွဲ့ဝင် |
| (၁၆) | ဦးနိုင်ဦး | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၇) | ဦးအောင်နိုင်သူ | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၁၈) | ဦးစိုင်းထိန်စိုး | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (၁၉) | ဦးအေးကျော် | ဝန်ကြီးချုပ်<br>ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (၂၀) | ဦးကံမြင့်သန်း | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ဒေါက်တာ ကံဇော် | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အတွင်းရေးမှူး |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် (၄/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ဖွဲ့စည်းခြင်း**

ပြည်ထောင်စု၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များကို အကြံပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတို့ပြုနိုင်ရန်အတွက် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ဥပဒေပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့အရ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (၁) | ဦးစိုးဝင်း | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်မောင်အေး | အတွင်းရေးမှူး |
| (၃) | ဦးသန်းဆွေ | ကောင်စီဝင် |
| (၄) | ဦးကိုကိုလှိုင် | ကောင်စီဝင် |
| (၅) | ဦးမိုးအောင် | ကောင်စီဝင် |

| | | |
|---|---|---|
| (၆) | ဒေါက်တာ ရင်ရင်နွယ် | ကောင်စီဝင် |
| (၇) | ဒေါ်ချိုချိုကျော်မြင့် | ကောင်စီဝင် |
| (၈) | ဦးကိုကိုကြီး | ကောင်စီဝင် |
| (၉) | မန်းငြိမ်းမောင် | ကောင်စီဝင် |
| (၁၀) | ဒေါ်ဒွဲဘူ | ကောင်စီဝင် |
| (၁၁) | ဦးဇော်အေးမောင် | ကောင်စီဝင် |

(ပုံ)　မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## ကြေညာချက်အမှတ် (၅/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၄၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇ တို့အရ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသာဌေး | ပြည်ထောင်စုတရားသူကြီးချုပ် |
| (၂) | ဦးသောင်းနိုင် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၃) | ဦးသိန်းကိုကို | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၄) | ဒေါ်သင်းသင်းနွဲ့ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၅) | ဒေါ်ပြုံးပြုံးအေး | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၆) | ဒေါက်တာ ကိုကိုနိုင် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၇) | ဦးဝင်းမြင့် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၈) | ဒေါ်စိုးခက်ခက် | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| (၉) | ဒေါ်သင်းသင်းချို | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

(ပုံ)　မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် (၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၃ တို့အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်ဇော်သိန်း | ဥက္ကဋ္ဌ |
| (၂) | ဦးဉာဏ်ထွန်း | အဖွဲ့ဝင် |
| (၃) | ဦးမျိုးတင့် | အဖွဲ့ဝင် |
| (၄) | ဦးကျော်ဆန်း | အဖွဲ့ဝင် |
| (၅) | ဦးတူးမော် | အဖွဲ့ဝင် |
| (၆) | ဒေါ်စုစုဝင်း | အဖွဲ့ဝင် |
| (၇) | ဒေါ်ဥမ္မာအေး | အဖွဲ့ဝင် |
| (၈) | ဦးတင့်ဝေ | အဖွဲ့ဝင် |
| (၉) | ဒေါက်တာ မာလာမော် | အဖွဲ့ဝင် |

(ပုံ) မင်းအောင်လှိုင်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**ကြေညာချက်အမှတ် (၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (င) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၃ တို့အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသန်းစိုး | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မိုးမြင့် | အဖွဲ့ဝင် |
| (၃) | ဦးအောင်လွင်ဦး | အဖွဲ့ဝင် |
| (၄) | ဦးမြင့်ဦး | အဖွဲ့ဝင် |

(၅) ဦးခင်မောင်ဦး အဖွဲ့ဝင်

(၆) ဦးမြင့်သိန်း အဖွဲ့ဝင်

(၇) ဦးကိုကိုလွင် အဖွဲ့ဝင်

(၈) ဦးသန်းအောင်ကျော် အဖွဲ့ဝင်

(၉) ဦးခင်ဇော် အဖွဲ့ဝင်

(၁၀) ဦးသန်းထွတ်သိန်း အဖွဲ့ဝင်

(၁၁) ဦးအောင်မြင့်လွင် အဖွဲ့ဝင်

(၁၂) ဦးခင်မောင်ကြီး အဖွဲ့ဝင်

(၁၃) ဦးမျိုးမောင် အဖွဲ့ဝင်

(၁၄) ဦးကြည်သိန်း အဖွဲ့ဝင်

(၁၅) ဒေါ်ခင်သင်းဝေ အဖွဲ့ဝင်

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## ကြေညာချက်အမှတ် (၈/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (စ) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၄ တို့အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) ဦးတင်မောင်ဝင်း ဥက္ကဋ္ဌ

(၂) ဒေါ်ခင်မျိုးမြင့် အဖွဲ့ဝင်

(၃) ဦးစိုးတင့် အဖွဲ့ဝင်

(၄) ဒေါက်တာ စုစုဒွေး အဖွဲ့ဝင်

(၅) ဦးထွန်းထွန်းဝင်း အဖွဲ့ဝင်

(၆) ဒေါ်ခင်ရွှေမြင့် အဖွဲ့ဝင်

(၇) ဒေါက်တာ ခင်ချစ်ချစ် အဖွဲ့ဝင်

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## ကြေညာချက်အမှတ် (၉/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

### နေပြည်တော်ကောင်စီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၁ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) တို့အရ နေပြည်တော်ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကံမြင့်သန်း | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူးကြီး ရဲမိုး | ကောင်စီဝင် |
| (၃) | ဦးမင်းဦး | ကောင်စီဝင် |
| (၄) | ဦးခင်မောင်လတ် | ကောင်စီဝင် |
| (၅) | ဦးဝင်းမိုးခိုင် | ကောင်စီဝင် |
| (၆) | ဦးထွန်းထွန်း | ကောင်စီဝင် |
| (၇) | ဦးအောင်ဇေယျ | ကောင်စီဝင် |

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

### ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဥပဒေကြမ်းကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ နန္ဒကျော်စွာ | ဒဂုံ မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်သန်းသန်းအေး | သဃ်န်းကျွန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးတင့်အောင် | ရေဦး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးတင့်လွင် | နတ်တလင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာ ထွန်းထွန်းဝင်း | ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးတင်ရွှေ | ရွှေတောင် မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | ဦးသန့်ဇော် | ကွမ်းခြံကုန်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | စိုင်းဝန်းဆမ် | မိုင်းခတ် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဇော်မင်း | ကျုံပျော် မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးနိုင်မင်းဦး | ကြံခင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | နန်းကျင်း (ခ) နန်းစိန် | တောင်ကြီး မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးနိုင်နိုင်ကျော် | ဟုမ္မလင်း မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ် ဝင်းမြိုင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးသိန်းထွန်းဦး | အမရပူရ မဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ခ) နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့်ညီညွတ်မှု ရှိ မရှိ၊

(ဂ) နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့်အချက်များပါဝင်ခြင်း ရှိ မရှိ၊

(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ မရှိ၊

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ မရှိ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ဒေသဆိုင်ရာသို့မဟုတ်ဒေသအချင်းချင်းဆိုင်ရာစာချုပ်များ၊သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ မရှိနှင့် နိုင်ငံတော်၏အချုပ်အခြာ အာဏာကို ထိပါးခြင်း ရှိ မရှိ၊

(ည) သက်ဆိုင်ရာ ဥပဒေကြမ်းနှင့်သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ မရှိ၊

(ဋ) ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ မရှိ၊

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ မရှိ။

၆။ ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးဖြစ်ပါက–

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌထံတင်ပြရမည်။

(ဂ) ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့် နေ့ရက်မှစ၍ ရုံးပိတ်ရက်များမပါ ခုနစ်ရက်အတွင်း ကော်မတီ၏အစီရင်ခံစာကို ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဃ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(င) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းရမည်။

၇။ ကော်မတီဝင်များသည် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

၈။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

၉။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ကော်မတီတွင်ဆွေးနွေးသောဆွေးနွေးချက်များကိုသော်လည်းကောင်းပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၁၀။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော်နှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

( ခ ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

( ဂ ) ပြင်ဆင်ရန်အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( င ) အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့်နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင်-

(၁) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို၊

(၂) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၁၁။ အပိုဒ် ၁၀ အရ ကော်မတီ၏တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင်ပါရှိသည့်ကိစ္စနှင့် စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သော တင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

၁၂။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

( ခ ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( ဂ ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၄။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၅။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ခင်ရီ

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ တာဝန်ပြီးဆုံးခြင်း**

၁။ တတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၂၆ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းပြီးဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်တာဝန်ကို ၂၀၁၂ ခုနှစ် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ညနေပိုင်းမှစ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ တာဝန်ပြီးဆုံးပြီ ဖြစ်ပါသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်ခိုင်စံသွင် (တ/၃၅၄၀) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

သာငွေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၃၈ အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤနည်းဥပဒေများကိုထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ နည်းဥပဒေ ၂ တွင်-

(က) နည်းဥပဒေခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဠ) တို့ကို ပယ်ဖျက်ရမည်။

( ခ ) နည်းဥပဒေခွဲ (ဆ)၊ (ဇ)၊ (ဈ)၊ (ည) နှင့် (ဋ) တို့ကို နည်းဥပဒေခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၂) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၄ (က) (၂) တင်သွင်းသည့် ကိစ္စရပ်အပေါ် ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့် တင်သွင်းလွှာနှင့်အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းရှိလျှင် ယင်းတို့၏ အမည်၊ ရာထူး၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် မရှိလျှင် မရှိကြောင်းဖော်ပြချက်၊"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ နည်းဥပဒေ ၇ ၏နောက်တွင် နည်းဥပဒေ ၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၇-က။ ညွှန်ကြားရေးမှူးချုပ်သည် အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် စိစစ်ခြင်းကိစ္စရပ်များတွင် ခုံရုံး၏ သဘောထားရယူရန် တင်သွင်းလာသည့် တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းရမည့်

ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့် တင်သွင်းလွှာနှင့်အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်း မရှိကြောင်းစိစစ်တွေ့ရှိရလျှင် နည်းဥပဒေ ၇ နှင့်အညီဆောင်ရွက်ပြီး စိစစ်တွေ့ရှိချက်ကို ဥက္ကဋ္ဌထံ ချက်ချင်းတင်ပြရမည်။”

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ဃ) ၏နောက်တွင် နည်းဥပဒေခွဲ (င) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

“(င) အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် စိစစ်ခြင်းကိစ္စရပ်များတွင် ခုံရုံး၏ သဘောထားရယူရန် တင်သွင်းလာသည့် တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့် တင်သွင်းလွှာနှင့်အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမရှိကြောင်း စိစစ်တွေ့ရှိရလျှင် စိစစ်တွေ့ရှိချက်ကို ဥက္ကဋ္ဌထံချက်ချင်းတင်ပြရမည်။”

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများအခန်း (၄) ခေါင်းစဉ်အောက်ရှိ ခေါင်းစဉ်ငယ်ကို အောက်ပါအတိုင်းအစားထိုးရမည်–

“ကြားနာခြင်းနှင့် တရားစီရင်ရေးဆိုင်ရာဆွေးနွေးခြင်း”

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ နည်းဥပဒေ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

“၁၅။ ဥက္ကဋ္ဌသည် စိစစ်ရေးအဖွဲ့ကတင်ပြလာသည့် တင်ပြချက်များအပေါ် ကြားနာဆုံးဖြတ်နိုင်ရန် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များအားလုံးပါဝင်သည့် ခုံရုံးကိုဖွဲ့စည်းရမည်။ တာဝန်တစ်ရပ်ရပ်အရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အဖွဲ့ဝင်အားလုံးဖြင့် ဖွဲ့စည်းနိုင်ခြင်းမရှိလျှင် ဥက္ကဋ္ဌအပါအဝင် အနည်းဆုံးခုနစ်ဦးဖြင့် ခုံရုံးကိုဖွဲ့စည်းနိုင်သည်။ ယင်းဖွဲ့စည်းမိန့်ကိုပုံစံ (၆) ဖြင့် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာအဖွဲ့ဝင်အားလုံးထံ ပေးပို့ရမည်။”

၈။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ နည်းဥပဒေ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်–

“၁၆။ (က) တင်သွင်းလွှာနှင့်စပ်လျဉ်း၍နည်းဥပဒေ ၁၅ အရ ဖွဲ့စည်းသော ခုံရုံးက ကြားနာဆုံးဖြတ်ရမည်။ ရုံးထိုင် ကြားနာရာတွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံး ခုနစ်ဦးအောက် မလျော့စေရ။

(ခ) ခုံရုံးသည်အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် စိစစ်ခြင်းကိစ္စရပ်များတွင် ခုံရုံး၏ သဘောထား ရယူရန်တင်သွင်းလာသည့် တင်သွင်းလွှာနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းနှင့် တင်သွင်းလွှာနှင့် အကျိုးသက်ဆိုင်သော ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမရှိလျှင် နည်းဥပဒေ ၁၅ အရ ဖွဲ့စည်းထားသော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တရားစီရင်ရေးဆိုင်ရာ ဆွေးနွေးခြင်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက် သို့မဟုတ် သဘောထားကို ပြန်ကြားနိုင်သည်။”

၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများ၊ နည်းဥပဒေ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

“၃၀။ နည်းဥပဒေများပါ ပုံစံနှင့်နောက်ဆက်တွဲများသည် ဤနည်းဥပဒေ၏ အစိတ်အပိုင်းများဖြစ်စေ ရမည်။”

အောင်ဇော်သိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အခွန်အယူခံခုံအဖွဲ့

## ၂၀၂၅ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၈

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| ဦးကျော်သူထိုက် | - | ညွှန်ကြားရေးမှူး၊ |
| (PP. No. MF 649583၊ ၁၂/သခန (နိုင်) ၀၉၆၆၁၀) | | ကာကွယ်ရေးဌာနခွဲ၊ |
| အမှတ်(၂၀၄)၊ ၆ လွှာ(ဘီ)၊ နီလာကွန်ဒို၊ ဗိုလ်မြတ်ထွန်းလမ်း၊ (၁)ရပ်ကွက်၊ | | အကောက်ခွန်ဦးစီးဌာန၊ရန်ကုန်မြို့။ |
| ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | | |
| လျှောက်ထားသူအတွက်လိုက်ပါ ဆောင်ရွက်သည့် ပုဂ္ဂိုလ် | - | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက်လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးခင်မောင်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်။ |

အမှုမှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ MAI Airline လေယာဉ်ခရီးစဉ် အမှတ် 8M-332, SF-8672 ဖြင့် ၂၀-၉-၂၀၂၄ ရက်နေ့ ၂၀:၂၀ နာရီ အချိန်ခန့်တွင် ရောက်ရှိလာသည့် မြန်မာနိုင်ငံသားခရီးသည် ဦးကျော်သူထိုက်၏ Hand Carry သည် X-Ray စက်ကို ဖြတ်သန်းရာ၌ မသင်္ကာဖွယ်ပုံရိပ်တွေ့ရှိရသဖြင့် အကောက်ခွန်စစ်ဆေးရေးကောင်တာတွင် အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်၌ ဖွင့်ဖောက်စစ်ဆေးရာ တရားဝင်တင်သွင်းခွင့်အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော ၁၈ ကာရက် ရွှေလက်ကောက်ပျော့ (သတ္တုစပ်ကြိုးပါ) ၁၅ ကွင်း (၅၀၀ ဂရမ်) အပါအဝင် လက်ဝတ်ရတနာမျိုးစုံ (၁၈) မျိုး၊ စုစုပေါင်းအရေအတွက် (၅၈၃၃ ခု + ၁ ထုပ်)၊ စုစုပေါင်း အလေးချိန် ၆၆၅၃.၇၅ ဂရမ်၊ စုစုပေါင်းတန်ဖိုး ကျပ် ၁,၆၁၀,၈၁၄,၀၀၀ (ကျပ် တစ်သောင်း ခြောက်ထောင့်တစ်ရာ့ရှစ်သိန်း တစ်သောင်းလေးထောင်) ကို တွေ့ရှိရသဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ယင်းအက်ဥပဒေ ပုဒ်မ ၁၆၇(၈) အရ အခင်းဖြစ်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည့်အပေါ် ကျေနပ်မှုမရှိသဖြင့် အယူခံတင်သွင်းလာသောအမှု ဖြစ်သည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ၏အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက လျှောက်လဲတင်ပြရာ၌ လျှောက်ထားသူသည်

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသော သူငယ်ချင်း မိတ်ဆွေများ၏ ဖိတ်ကြားချက်အရ အလည်အပတ်သဘောဖြင့် ၁၈-၉-၂၀၂၄ ရက်နေ့မှ ၂၀-၉-၂၀၂၄ ရက်နေ့အထိ သွားရောက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံတွင် မိတ်ဆွေများနှင့် လည်ပတ်စားသောက်ကြပြီး Shopping Mall တစ်ခု၌ Fancy ရွှေ၊ ငွေ လက်ဝတ်ရတနာများကို Discount ချပြီးရောင်းချနေသဖြင့် သူငယ်ချင်း မိတ်ဆွေတို့နိုင်သလောက် ကိုယ်စီဝယ်ယူခဲ့ကြကြောင်း၊ အဆိုပါပစ္စည်းများမှာရွှေရည်ပြည့်မီသည့်ပစ္စည်းများမဟုတ်ဘဲ မိသားစုဝတ်ဆင်ရန်နှင့် ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူခဲ့ကြခြင်း ဖြစ်ပြီး လျှောက်ထားသူအပြန်တွင် Favour Parcel အဖြစ်ထည့်ပေးလိုက်ကြပြီးသူငယ်ချင်းတစ်ဦးက ၎င်းပစ္စည်းများကို လေဆိပ်အကောက်ခွန်ဌာနၠကြေညာ၍ ကျသင့်အခွန်ပေးဆောင်ပြီး ထုတ်ယူ၍ရသည်ဟု ပြောပြကြောင်း၊ ၎င်းပစ္စည်းများကို စားသောက်ပြီးဖြစ်သောအရက်ဘူးခွံ သုံး ဘူး၌ အလွယ်တကူပင်ထည့်သွင်း သယ်ဆောင်ခဲ့ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး Exit-B ထွက်ပေါက်၌ X-Ray စက်ဖြင့်စစ်ဆေးသောအခါ ၎င်းပစ္စည်းများကိုတွေ့ရှိရခြင်းဖြစ်ကြောင်း၊ အဆိုပါပစ္စည်းများနှင့် စပ်လျဉ်း၍ ထုချေလွှာတင်သွင်းရန်တောင်းဆိုသောအခါ လျှောက်ထားသူအနေဖြင့် ယခင်က တစ်ကြိမ်တစ်ခါမျှ သယ်ဆောင်ခဲ့ဖူးခြင်းမရှိကြောင်းနှင့် ထိုက်သင့်သောဒဏ်ကြေးဖြင့်ရွေးယူခွင့်ပြုပါမည့်အကြောင်းတင်ပြခဲ့ကြောင်း၊ ဌာနဆိုင်ရာ၏ သိမ်းဆည်းမိန့် စာပိုဒ် (၁) တွင် " ခရီးသည်၏ Duty Free အိတ်ဖြင့် အရက် သုံး ပုလင်းထည့်သွင်းလာသည့် Hand Carry အား Arrival Exit-B ရှိ X-Ray စက်ဖြင့် စစ်ဆေးရာ ပုံရိပ်မသင်္ကာသဖြင့်" ဟု ဖော်ပြထားသော်လည်း အရက် သုံး ပုလင်း မပါရှိဘဲ အရက်ဘူးခွံ သုံး ခုသာ ပါရှိ ခြင်းဖြစ်ကြောင်း၊ အဆိုပါ စာပိုဒ် (၁) ၌ပင် " ကန့်သတ် ကုန်ပစ္စည်းဖြစ်သည့် ၁၈ ကာရက် ရွှေ လက်ကောက်ပျော့ (သတ္တုစပ်ကြိုးပါ) ၁၅၅ ကွင်း" ဟု ဖော်ပြထားရာ အခင်းဖြစ်ပစ္စည်းများသည် ရွှေရည် ပြည့်မီသည့် ပစ္စည်းများမဟုတ်ဘဲ အချို့မှာငွေရောင်စိမ်ထားသည့် ပစ္စည်းများဖြစ်သည့်အပြင် ရွှေရည် ၁၂ ပဲ၊ ၁၃ ပဲ နှင့် သတ္တုရောဖြစ်ကြောင်း ထင်ရှားပါကြောင်း၊ သိမ်းဆည်းမိန့် စာပိုဒ် (၃) တွင် " အခင်းဖြစ် ၁၈ ကာရက်ရွှေလက်ကောက်ပျော့ (သတ္တုစပ် ကြိုးပါ) ၁၅၅ ကွင်း (၅၀၀ ဂရမ်) အပါအဝင် လက်ဝတ်ရတနာ (၁၈) မျိုး၊ စုစုပေါင်း အရေအတွက် (၅၈၃၃.၃ + ၁ ထုပ်) စုစုပေါင်းအလေးချိန် ၆၆၅၃.၇၅ ဂရမ်၊ စုစုပေါင်းတန်ဖိုး ကျပ် ၁,၆၁၀,၈၁၄,၀၀၀ ခန့်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ၊ စည်းမျဉ်းနှင့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ အရ ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီ၏ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီကြောင်း ထောက်ခံချက်တို့ဖြင့် သွင်းကုန်လိုင်စင်ခွင့်ပြုချက် လျှောက်ထားရရှိပြီးမှသာတင်သွင်းခွင့်ရှိသည့်ကန့်သတ်ပစ္စည်းဖြစ်၍ အဆိုပါကန့်သတ်ကုန်ပစ္စည်းများအား တရားဝင်တင်သွင်းခွင့် အထောက်အထားစာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ တရားမဝင်တင်သွင်းလာခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ အရ တားမြစ်ထားသည့်အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အဆိုပါပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်" ဟူ၍ ဖော်ပြပါရှိကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ ကောက်ယူသုံးသပ်ချက်သည် ရွှေလုပ်ငန်းရှင်များက ရွှေကို မြန်မာနိုင်ငံအတွင်းတင်သွင်းရာ၌ လိုက်နာရမည့် စည်းကမ်းချက်များသာဖြစ်ပြီး ရွှေလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ခြင်းမရှိဘဲ တစ်ကြိမ် တစ်ခါတင်သွင်းလာသူများအတွက် လိုက်နာရန်မလိုအပ်ဟုယူဆပါကြောင်း၊ လျှောက်ထားသူသည် အခင်းဖြစ်ပစ္စည်းများကို လေဆိပ်အကောက်ခွန်ဌာန၌ ကျသင့်အခွန်ပေးဆောင်ပြီး ထုတ်ယူနိုင်သည်ဟု အတွေ့အကြုံရှိသည့်သူငယ်ချင်း၏ပြောဆိုချက်ကြောင့် ယူဆောင်ခဲ့ခြင်းဖြစ်သည့်အပြင်နိုင်ငံတော်အတွင်း တင်သွင်းလာခြင်းဖြစ်၍ နိုင်ငံတော်တွင် တစ်စုံတစ်ရာ နစ်နာမှုလည်းမရှိပါကြောင်း၊ အဓိကစဉ်းစားရမည့်ဥပဒေပြဋ္ဌာန်းချက်များမှာ "ဝါဝါမြင်တိုင်းရွှေမဟုတ်" ဆိုသောစကားပုံရှိပါကြောင်း၊ လျှောက်ထားသူ

သယ်ဆောင်ခဲ့သော အခင်းဖြစ်ပစ္စည်းများသည် ၁၈ ကာရက် အဆင့်သာရှိပြီး ရွှေရည် ပြည့်မီသော ပစ္စည်းများ မဟုတ်ကြောင်းလည်း ထင်ရှားပြီးဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာက ရည်ညွှန်းထားသော ၂၀၁၂ ခုနှစ် နိုင်ငံခြားငွေ စီမံခန့်ခွဲမှုဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်၊ ဖြည့်စွက်ချက်များဖြင့် ထုတ်ပြန်ခဲ့ပြီး ပြင်ဆင်ချက်ဥပဒေ ပုဒ်မ ၂ တွင် "နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ(ဂ-၁) အဖြစ် " ရွှေဆိုသည်မှာ နိုင်ငံပိုင် နိုင်ငံခြားသုံး သီးသန့်ငွေရှိ ရွှေချောင်း၊ ရွှေတုံး နှင့် ရွှေဒင်္ဂါးများ၊ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ နှင့် ပြည်တွင်း၌နေထိုင်သူများ၏ ပြည်ပရှိ ဘဏ်များတွင် အပ်နှံထားသည့် ရွှေများကို ဆိုသည်။" ဟု ဖြည့်စွက်ရမည်ဟု ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထို့ပြင် ရွှေ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများအား တင်ပို့/တင်သွင်း ခွင့်ပြုခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၂-၁-၂၀၁၈ ရက်နေ့တွင်ထုတ်ပြန်ခဲ့ရာ ယင်းအမိန့်ကြော်ငြာစာနှင့်အတူ တင်ပို့/တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းချက် များကိုပူးတွဲဖော်ပြထားပါကြောင်း၊ ယင်းစည်းကမ်းချက်များ၏ စာပိုဒ်(၄)တွင် " (က) စံချိန်မီရွှေ ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါး များကိုဆိုသည်၊ (ခ) ရွှေ ဆိုသည်မှာ စံချိန်မီရွှေမှအပ ပြည်တွင်းဈေးကွက်အတွင်း ရောင်းဝယ်မှုပြုလုပ်နေသည့် ရွှေသန့်စင်မှု (၉၉.၉) ရာခိုင်နှုန်းအောက် ရှိသော ရွှေ (သိပ်သည်းဆ ၁၉.၂၅ အောက်ရှိသည့် ၁၅ ပဲ ၊ ၁၆ ပဲ သို့မဟုတ် ၂၃ ကာရက်၊ ၂၄ ကာရက်အတွင်း) ရွှေတုံး၊ ရွှေချောင်း ကိုဆိုသည်၊ (ဂ) လက်ဝတ်ရတနာ ဆိုသည်မှာ ရွှေထည်တစ်မျိုးတည်းဖြင့်ပြုလုပ်သော လက်ဝတ်ရတနာကို သော်လည်းကောင်း၊ ရွှေနှင့် ကျောက်မျက် ရတနာအချောထည် နှင့် ပြုလုပ်သော လက်ဝတ်ရတနာကို သော်လည်းကောင်း ဆိုသည်" ဟု ဖော်ပြပါရှိ ပါကြောင်း၊ အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ရွှေဟုခေါ်ဆို သတ်မှတ်ရာတွင် ၁၅ ပဲ၊ ၁၆ ပဲ သို့မဟုတ် ၂၃ ကာရက်၊ ၂၄ ကာရက်ရှိမှသာ ရွှေဟုသတ်မှတ်ကြောင်း ပေါ်လွင်ထင်ရှားနေပါကြောင်း၊ လျှောက်ထားသူသယ်ဆောင်ခဲ့သော လက်ဝတ်ရတနာများသည် ဌာနဆိုင်ရာ သိမ်းဆည်းမိန့်တွင် ဖော်ပြ ထားချက်အရ ၁၈ ကာရက်သာရှိသဖြင့် တည်ဆဲ ဥပဒေ၊လုပ်ထုံးလုပ်နည်း၊ စည်းကမ်း ချက်များအရ ရွှေဟု မခေါ်ဆိုနိုင်သည်မှာ ထင်ရှားနေပါကြောင်း၊ ထိုသို့ ရွှေဟုမသတ်မှတ်ထားသည့် အခင်းဖြစ်ပစ္စည်း များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် ဥပဒေနှင့်လုံးဝဆန့်ကျင်နေပြီး အခင်းဖြစ်ပစ္စည်းများကို အရည်ကျိုလိုက်ခြင်းအားဖြင့် အနုပညာလက်ရာများဆုံးရှုံးစေပြီး ရွှေရည်မပြည့်မီသောရွှေတုံးများသာ ရရှိနိုင်ပြီး ပိုင်ရှင် အားဒဏ်ကြေးဖြင့်ပြန်ပေးခြင်းသည် နိုင်ငံတော်ဘဏ္ဍာငွေလည်းရရှိစေကာ ပိုင်ရှင် အနေဖြင့်လည်း နစ်နာမှုမရှိနိုင် သောကြောင့် ဒဏ်ကြေးဖြင့်ရွေးယူခွင့်ပြုသင့်ပါကြောင်း၊ ထိုသို့သော အခြေအနေတွင် အခင်းဖြစ်ပစ္စည်းများကို တင်သွင်းခွင့်လိုင်စင် မရှိရုံမျှဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစား ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈၃ အရလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ဇယား အမှတ်စဉ် (၂၀) အရ လည်းကောင်း၊ စာပိုဒ် (၄) အရလည်းကောင်း ရွေးယူဒဏ်ကြေးဖြင့် ပိုင်ရှင်အား ပြန်လည်ထုတ်ယူခွင့် ပြုခြင်းသည် တရားမျှတမှုနှင့်ကန်မှုရှိမည်ဟုယူဆပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ၏ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များခေါင်းစဉ်အောက် ပုဒ်မ ၃၅၆ တွင် " နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။" ဟု ပါရှိပါကြောင်း၊ အထက်ပါ အကြောင်း ပြချက်များအရ လျှောက်ထားသူသည် ထိုင်းနိုင်ငံသို့သူငယ်ချင်းများဖိတ်ခေါ်၍ အလည်အပတ် သွားရောက်ခဲ့ခြင်း၊ သူငယ်ချင်းများနှင့်လည်ပတ်ပြီးနောက် Fancy လက်ဝတ်ရတနာများ ရောင်းချသည့် Shopping Mall သို့ရောက်ရှိကာ Discount ချရောင်းသည့်

အခင်းဖြစ်ပစ္စည်းများကို နိုင်သလောက် ဝယ်ယူခဲ့ကြခြင်း၊ အပြန်ခရီးတွင် သူငယ်ချင်းများက ၎င်းတို့မိသားစုများအတွက် လက်ဆောင်ပါး (Favour Parcel) အဖြစ် ထည့်ပေးလိုက်ကြခြင်း၊ ပစ္စည်းများထုပ်ပိုးရန် အလွယ်တကူရှိနေသည့် အရက်ဘူးခွံ သုံး ခုတွင် အလွယ်တကူထည့်သွင်းယူလာခဲ့ခြင်း၊ ပစ္စည်းများမှာ ရွှေရည်ပြည့်မီသည့်ပစ္စည်းများ မဟုတ်သည်မှာ သိမ်းဆည်းမိန့်အရတွေ့မြင်နိုင်ခြင်း၊ အတွေ့အကြုံရှိသည့်သူငယ်ချင်းတစ်ဦးက လေဆိပ်အကောက်ခွန်ဌာနတွင် ကျသင့်အခွန်ပေးဆောင်ပြီးထုတ်ယူနိုင်သည် ဟု ပြောဆိုသည်ကို ယုံကြည်ခဲ့ခြင်း၊ သိမ်းဆည်းမိန့်တွင် ဖော်ပြထားသည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်းနှင့် ညွှန်ကြားချက်များ၊ ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီ၏ ထောက်ခံချက်တို့သည် ရွှေရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်နေသည့်စီးပွားရေးလုပ်ငန်းရှင်များနှင့်သာသက်ဆိုင်ပြီး နိုင်ငံသားတစ်ဦးက တစ်ကြိမ်တစ်ခါဝယ်ယူခဲ့သောပစ္စည်းများနှင့်မသက်ဆိုင်ဟုရိုးသားစွာယုံကြည်ခြင်း၊ အခင်းဖြစ်ပစ္စည်းများသည် သိမ်းဆည်းမိန့်အရ ၁၈ ကာရက်သာရှိပြီး နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ တို့ပါ စည်းကမ်းချက်များအရ ရွှေအဆင့်သတ်မှတ်သည့် ၁၅ ပဲ၊ ၁၆ ပဲ သို့မဟုတ် ၂၃ ကာရက်၊ ၂၄ ကာရက်ရှိမှသာ ရွှေဟုသတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသည်ကိုတွေ့ရှိရခြင်း၊ သတ်မှတ်အရည်အသွေးမပြည့်မီသော အခင်းဖြစ်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းသည် တည်ဆဲဥပဒေ၊ စည်းကမ်းချက်များနှင့် ဆန့်ကျင်နေခြင်း၊ အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၈၃၊ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ပါ စာပိုဒ် (၄) နှင့် ဇယားအမှတ်စဉ် (၂၀) တို့အရ ထိုက်သင့်သောဒဏ်ကြေးငွေဖြင့် ရွေးယူခွင့် ပြုသင့်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၆ အရ နိုင်ငံသား၏အခွင့်အရေးကို ကာကွယ်ပေးရန် လိုအပ်ခြင်းတို့ကြောင့် လျှောက်ထားသူ၏နစ်နာမှုကိုကုစားပေးပါရန်နှင့် ညွှန်ကြားရေးမှူး(ကာကွယ်ရေး) ၏ ၂၅-၈-၂၀၂၅ ရက်စွဲပါ အမိန့်စာအမှတ်-၁၁-ကက(လဆ)/၂၀၂၅ (၁၀၃) ဖြင့် အခင်းဖြစ်ပစ္စည်း (၁၈) မျိုးကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည့်အမိန့်ကိုပယ်ဖျက်ပြီးထိုက်သင့်သောဒဏ်ကြေးဖြင့်ပြန်လည်ရွေးယူခွင့်ပြုသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် လျှောက်လဲသည်။

လျှောက်ထားခံရသူကိုယ်စား အကောက်ခွန်ဦးစီးဌာနမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်း က ချေပလျှောက်လဲရာ၌ ပြည်ပမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရားမဝင်တင်သွင်းသယ်ဆောင်လာသော ၁၈ ကာရက် ရွှေလက်ကောက်ပျော့ (သတ္တုစပ်ကြိုးပါ) ၁၅၅ ကွင်း (၅၀၀ ဂရမ်) အပါအဝင် လက်ဝတ်ရတနာမျိုးစုံ (၁၈) မျိုး၊ စုစုပေါင်း အရေအတွက် (၅၈၃၃ ခု + ၁ ထုပ်)၊ စုစုပေါင်း အလေးချိန် ၆၆၅၃.၇၅ ဂရမ်သည် နိုင်ငံခြားသုံးငွေ စီမံ ခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ အရ ရွှေဈေးကွက်စောင့်ကြည့် အကဲဖြတ်ထိန်းညှိရေးကော်မတီ၏ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီကြောင်းထောက်ခံချက်တို့ဖြင့် သွင်းကုန်လိုင်စင်ခွင့်ပြုချက်လျှောက်ထားရရှိပြီးမှသာတင်သွင်းခွင့်ရှိသည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်၍ အဆိုပါ ကန့်သတ်ကုန်ပစ္စည်းများအား တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိဘဲ ပြည်ပမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့ တရားမဝင် တင်သွင်းလာခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသည့်အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ရွှေ လက်ဝတ် ရတနာများ၊ ရွှေဖြင့်ပြုလုပ်သောအနုပညာပစ္စည်းများ၊အသုံးအဆောင်ပစ္စည်းများအားတင်ပို့/တင်သွင်းခွင့်ပြုချက်နှင့်ပတ်သက်၍လိုက်နာဆောင်ရွက်ရန်လုပ်ထုံးလုပ်နည်းအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာတွင် ရွှေ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သောအနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ပြည်ပသို့တင်ပို့သူ သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသူများအနေဖြင့်

သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ပသို့ တင်ပို့သူ သို့မဟုတ် ပြည်တွင်းသို့တင်သွင်းသူများအနေဖြင့် ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို တင်ပို့ခြင်း/တင်သွင်းခြင်း ဆောင်ရွက်နိုင်ရန် အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန(နေပြည်တော်) တွင် သတ်မှတ်ထားသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပို့/ တင်သွင်းခွင့် မှတ်ပုံတင် လျှောက်ထားရမည်ဖြစ်ပြီး တင်ပို့/ တင်သွင်းခွင့် မှတ်ပုံတင်ရရှိသူသည် ကုန်သွယ်ရေးဦးစီးဌာန (နေပြည်တော်) တွင် ရွှေဈေးကွက်စောင့်ကြည့် အကဲဖြတ်ထိန်းညှိရေးကော်မတီမှ ခွင့်ပြုသတ်မှတ်သော တင်သွင်း/တင်ပို့မှု ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်း နှင့် တန်ဖိုးဖော်ပြချက်နှင့်အတူ အခြားလိုအပ်သော စာရွက်စာတမ်း အထောက်အထားများဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ပြီး တင်ပို့/ တင်သွင်းခွင့် မှတ်ပုံတင် ကိုင်ဆောင်သူနှင့် တင်ပို့/တင်သွင်းခွင့် လိုင်စင်ရရှိသူ များသည် တရားဝင် တင်ပို့/ တင်သွင်းခွင့် ရရှိထားသော်လည်း သတ်မှတ်ထားသည့် တားမြစ်ချက်၊ စည်းကမ်းချက် များကိုလိုက်နာ၍ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ရွှေ၊ နိုင်ငံခြားသုံးငွေ လက်ဝတ်ရတနာ၊ ပြည်တွင်းပြည်ပသို့ယူဆောင်ခြင်းနှင့်ပတ်သက်၍ အခြားတည်ဆဲဥပဒေဖြစ်သော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၃ တွင် “ပြည်တွင်း၌နေထိုင်သူနှင့် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းမှပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှပြည်တွင်းသို့ ယူဆောင်လာခြင်း တို့နှင့် စပ်လျဉ်း၍ ဗဟိုဘဏ်က အခါအားလျော်စွာထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်” ဟု လည်းကောင်း၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) တွင် “မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊လက်ဝတ်ရတနာကိုသတ်မှတ်ချက်များနှင့် အညီမဟုတ်ဘဲနိုင်ငံတော်အတွင်းသို့ယူဆောင်လာခြင်း (သို့မဟုတ်) ပြည်ပသို့ယူဆောင်သွားခြင်းမပြုရ” ဟု လည်းကောင်း၊ ပြစ်ဒဏ်အနေဖြင့် ပုဒ်မ ၄၂ တွင် “ မည်သူမဆို ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၈-က တို့ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်” ဟုလည်းကောင်း အသီးသီးပြဋ္ဌာန်းထားပါကြောင်း၊ အယူခံလျှောက်ထားသူ တရား မဝင်သယ်ဆောင်တင်သွင်းလာခဲ့သောအခင်းဖြစ်ပစ္စည်းများ၏ ဈေးနှုန်းစစ်ဆေးချက်နှင့်တန်ဖိုးဖြတ်ချက်မှတ်တမ်း အရ တန်ဖိုး ကျပ် ၁,၆၁၀,၈၁၄,၀၀၀ (ကျပ် တစ်သောင်းခြောက်ထောင့်တစ်ရာ့ရှစ်သိန်း တစ်သောင်းလေးထောင်) ဟုသတ်မှတ်ခဲ့ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ထိုသို့တန်ဖိုးသတ်မှတ်ပေးခြင်းသည် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ အယူခံ လျှောက်ထားသူတင်ပြထားသည့် အယူခံအကြောင်းပြချက်များအနက် အပိုဒ် (၂) နှင့် ပတ်သက်၍ “ထိုင်းနိုင်ငံတွင် မိတ်ဆွေများနှင့်လည်ပတ်စားသောက်ကြပြီး Shopping Mall တစ်ခု၌ Fancy ရွှေ၊ ငွေ လက်ဝတ်ရတနာများကို Discount ချပြီးရောင်းချနေသဖြင့် သူငယ်ချင်းမိတ်ဆွေတို့နိုင်သလောက်ကိုယ်စီဝယ်ယူခဲ့ကြပါသည်” ဟု တင်ပြ ထားသော်လည်း အမှုစတင်ဖြစ်ပွားသည့် ၂၀-၉-၂၀၂၄ ရက်နေ့ထွက်ဆိုချက်တွင် “အဆိုပါပစ္စည်းများကို ထိုင်းနိုင်ငံရှိ မိတ်ဆွေဖြစ်သူ ထိုင်းနိုင်ငံသား မစ္စတာဂျက်မှ ထိုင်းနိုင်ငံလေဆိပ်တွင် လာရောက်ပေးဆောင်ခြင်းဖြစ်ပြီး ၎င်း၏ မိတ်ဆွေဖြစ်သူ ဦးလှမျိုးမှ ရန်ကုန်လေဆိပ်တွင်လာရောက်ဆက်သွယ်ယူဆောင်မည်ဟုပြောသဖြင့် လူကြုံပါး သယ်ဆောင်လာခြင်းဖြစ်ပါသည်” ဟု ထွက်ဆိုထားသဖြင့် ယင်းအပိုဒ်တွင် ဖော်ပြချက်နှင့် ကိုက်ညီမှုမရှိ ပါကြောင်း၊ အပိုဒ် (၃) နှင့် (၄) တို့နှင့်ပတ်သက်၍ လျှောက်ထားသူမှ အခင်းဖြစ်ပစ္စည်းများသည် မိသားစုဝတ်ဆင်ရန် နှင့် ပြန်လည်ရောင်းချရန်ရည်ရွယ်ချက်ဖြင့် ဝယ်ယူခဲ့သောပစ္စည်းများဖြစ်ကြောင်း၊ လေဆိပ် အကောက်ခွန်ဦးစီးဌာန၌ ကြေညာ၍ကျသင့်အခွန်ပေးဆောင်ပြီးထုတ်ယူ၍ရကြောင်းနှင့် စားသောက်ပြီးဖြစ်သော အရက်ဘူးခွံ သုံး ဘူး၌ ထည့်သွင်း၍ Exit-B ထွက်ပေါက်၌ X-Ray စက်ဖြင့် စစ်ဆေးတွေ့ရှိရကြောင်းတင်ပြထားရာတွင် ရွှေနှင့် ရွှေဖြူ

များအားတင်သွင်းမည်ဆိုပါက ကုမ္ပဏီမှတ်ပုံတင်ထားသည့် အထောက်အထားများနှင့်အတူ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားပြီးမှသာ ရွှေဖြင့် ပြုလုပ်သောအနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများအား တင်ပို့/တင်သွင်းရန်အတွက် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ တင်ပို့/တင်သွင်းမည့်ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့် တန်ဖိုး သတ်မှတ်ချက်များလျှောက်ထားခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ပြီး မှသာလုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သော်လည်းလျှောက်ထားသူသည် အဆိုပါ လုပ်ထုံးလုပ်နည်းများအား လိုက်နာမှုမရှိဘဲ အခင်းဖြစ်ပစ္စည်းများအား ရည်ရွယ်ချက်ရှိရှိဖြင့် အရက်ပုလင်းအခွံစက္ကူဘူး သုံး ဘူးအတွင်းသို့ဝှက်၍ Duty Free အိတ်ဖြင့်သယ်ဆောင်တင်သွင်းလာခြင်းဖြစ်ပါကြောင်း၊ အပိုဒ် (၅) နှင့် ပတ်သက်၍ လျှောက်ထားသူမှ ထိုက်သင့်သောဒဏ်ကြေးဖြင့် ရွေးယူခွင့်ပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ “FEML ပုဒ်မ ၃၈ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်းဖြစ်သဖြင့် FEML ပုဒ်မ ၄၂ အရ တရားစွဲဆိုနိုင်ပြီး သက်သေခံပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်ပါသည်။ သို့ပါ၍ FEML ပုဒ်မ ၄၂ အရ တရားစွဲဆိုနိုင်ပါကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်တောင်းခံသင့်ပါကြောင်း” ဟူ၍လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ “ ရွှေ၊ရွှေဖြူများတင်သွင်းမည်ဆိုပါက ကုမ္ပဏီမှတ်ပုံတင်ထားသည့် အထောက်အထားများနှင့်အတူ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လျှောက်ထားပြီးမှသာ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများအား တင်ပို့တင်သွင်းရန်အတွက် ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်ထားခြင်း၊ တင်ပို့/တင်သွင်းမည့် ပမာဏ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းနှင့် တန်ဖိုး သတ်မှတ်ချက်များလျှောက်ထားခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားခြင်းတို့ကို ဆက်လက် လျှောက်ထား၍ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရှင်ဖြစ်သူအနေဖြင့် အဆိုပါလုပ်ငန်းစဉ်များပြုလုပ်ခြင်းမရှိဘဲ ရွှေ၊ ရွှေဖြူများ တင်သွင်းလာခြင်းဖြစ်ရာ ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၅ ပါ တားမြစ်ချက်အားဖောက်ဖျက်ခြင်းဖြစ်ပြီး ပုဒ်မ ၈၊ ပုဒ်မ ၁၀ တို့နှင့် ငြိစွန်းလျက်ရှိပါသဖြင့် ဥပဒေအရ ဖမ်းဆီးရမိသည့်သက်သေခံပစ္စည်းများကိုရွေးယူခွင့်အား ပြဋ္ဌာန်းထားမှုမရှိပါကြောင်း စိစစ်တင်ပြအပ်ပါသည်။” ဟူ၍လည်းကောင်း အသီးသီးသဘောထားမှတ်ချက်များပြန်ကြားခဲ့သဖြင့် အခင်းဖြစ်ပစ္စည်းများသည် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည့်ပစ္စည်းများဖြစ်ပါကြောင်း၊ အပိုဒ် (၆) နှင့် ပတ်သက်၍ လျှောက်ထားသူသည် အခင်းဖြစ်ပစ္စည်းများ ကို Duty Free အိတ်အတွင်းရှိ အရက်ဘူးခွံ သုံး ခု အတွင်းသို့ဝှက်သယ်ဆောင်လာခြင်းဖြစ်သည့်အပြင် အဆိုပါ Hand Carry အား Arrival Exit – B ရှိ X-Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာတွင် ပုံရိပ်မသင်္ကာသဖြင့် လေဆိပ်တာဝန်ကျအဖွဲ့စုံဖြင့်ဖွင့်ဖောက်စစ်ဆေးရာမှ အခင်းဖြစ်ပစ္စည်းများအားတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းကို ဆိုလွှာအပိုဒ် (၆)ပါ တင်ပြထားချက်နှင့် အမှုစတင်ဖြစ်ပွားသည့်နေ့က ထွက်ဆိုခဲ့သောထွက်ဆိုချက်တို့အရ ပေါ်လွင်ထင်ရှားနေပါကြောင်း၊ အပိုဒ် (၇) နှင့်ပတ်သက်၍ အခင်းဖြစ် ပစ္စည်းများသည် ရွှေရည်ပြည့်မီသည့်ပစ္စည်းများမဟုတ်ဘဲ အချို့မှာ ငွေရောင်စိမ်ထားသည့်ပစ္စည်းများဖြစ်သည့်အပြင် ရွှေရည် ၁၂ ပဲ၊ ၁၃ ပဲ နှင့် သတ္တုရော ဖြစ်ကြောင်း တင်ပြထားရာတွင် အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၈) ၏ အပိုဒ် ၄(ဂ) တွင် “လက်ဝတ်ရတနာဆိုသည်မှာ ရွှေတစ်မျိုးတည်းဖြင့်ပြုလုပ်သောလက်ဝတ်ရတနာကိုသော်လည်းကောင်း၊ ရွှေနှင့် ကျောက်မျက်ရတနာအချောထည်နှင့်ပြုလုပ်သောလက်ဝတ်ရတနာကိုလည်းကောင်းဆိုသည်။”ဟု ဖော်ပြပါရှိခြင်းဖြင့်လည်းကောင်း၊ အခင်းဖြစ်ပစ္စည်းများအားမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်ပေးသည့်တန်ဖိုးအရလည်းကောင်း လျှောက်ထားသူတင်သွင်းလာသော အခင်းဖြစ်ပစ္စည်းများသည် တန်ဖိုးကြီးမားသည့် လက်ဝတ်ရတနာများဖြစ်နေသည်မှာပေါ်လွင်ထင်ရှားနေပါကြောင်း၊ အပိုဒ် (၈)၊ (၉) နှင့် (၁၀) တို့ပါ “အကောက်ခွန်ဦးစီးဌာန၏ ကောက်ယူသုံးသပ်ချက်သည် ရွှေလုပ်ငန်းရှင်များက ရွှေကို မြန်မာနိုင်ငံအတွင်းတင်သွင်း

ရာ၌ လိုက်နာရမည့်စည်းကမ်းချက်များသာဖြစ်ပြီး ရွှေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ခြင်းမရှိဘဲ တစ်ကြိမ်တစ်ခါ တင်သွင်းလာသူများအတွက်လိုက်နာရန် မလိုအပ်ဟု ယူဆပါသည်။” ဟူ၍ လည်းကောင်း၊ “နိုင်ငံတော်အတွင်း တင်သွင်းလာခြင်းဖြစ်၍ နိုင်ငံတော်တွင် တစ်စုံတစ်ရာနစ်နာမှုလည်းမရှိပါ။” ဟူ၍လည်းကောင်း တင်ပြချက်နှင့်ပတ်သက်၍ ၁၇-၂-၂၀၂၅ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာနသို့ သင့်တင့်သောဒဏ်ကြေးဖြင့် ရွေးယူခွင့်ပြုပါရန် အသနားခံလျှောက်ထားစာတွင် “ ပစ္စည်းများသည် မိမိကိုယ်တိုင်ဆိုင်ဖွင့်လုစ်ရန် တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါပစ္စည်းအား ကျွန်တော်မှ ဆိုင်ဖွင့်လုစ်ရောင်းချရန်အတွက် ပြန်လည်ရွေးယူ လိုပါသဖြင့်” ဟု ဖော်ပြချက်အရ လျှောက်ထားသူသည် ရွှေနှင့် ရွှေဖြူပါ လက်ဝတ်ရတနာမျိုးစုံအား စီးပွားရေးဆန်ဆန် ပြန်လည်ရောင်းချရန်အတွက် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအားလိုက်နာမှုမရှိဘဲ သိဂှက်သယ်ဆောင်၍ တရားမဝင်တင်သွင်းလာခြင်းဖြစ်ပြီး ထိုသို့ သယ်ဆောင်လာခြင်းအတွက် စည်းကမ်းချက်များအားလိုက်နာရန် မလိုအပ်ဟူသောယူဆချက်မှာ မှားယွင်းနေပါကြောင်း၊ အပိုဒ် (၁၁)၊(၁၂)၊(၁၃)၊(၁၄)၊(၁၅)နှင့်(၁၆)တို့ပါ “ရွှေဟုခေါ်ဆိုသတ်မှတ်ရာတွင် ၁၅ ပဲ၊ ၁၆ ပဲ သို့မဟုတ် ၂၃ ကာရက်၊ ၂၄ ကာရက်ရှိမှသာ ရွှေဟုသတ်မှတ်ကြောင်း၊ ဌာနဆိုင်ရာ သိမ်းဆည်းမိန့်တွင်ဖော်ပြထားချက်အရ ၁၈ ကာရက်သာရှိသဖြင့်တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များအရ ရွှေဟုမခေါ်ဆိုနိုင်ကြောင်း” ဟူ၍လည်းကောင်း၊“ရွှေဟုမသတ်မှတ်ထားသည့် အခင်းဖြစ်ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် ဥပဒေနှင့်လုံးဝဆန့်ကျင်နေပါသည်။ .........ဒဏ်ကြေးဖြင့် ရွေးယူခွင့်ပြုသင့်ပါသည်။” ဟူ၍လည်းကောင်းတင်ပြထားချက်နှင့်စပ်လျဉ်း၍ အခင်းဖြစ်ပစ္စည်းများသည် ရွှေနှင့် ရွှေဖြူပါလက်ဝတ်ရတနာ မျိုးစုံဖြစ်၍အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ နှင့်သက်ဆိုင်အကျုံးဝင်သောပစ္စည်းများ ဖြစ်ခြင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တန်ဖိုးသတ်မှတ်ပေးခြင်းတို့အပြင် ရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုရန်လျှောက်ထားလာခြင်းအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏သဘောထားမှတ်ချက်များနှင့်အညီ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့်ထုတ်ပြန်ခဲ့ခြင်းသည် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ အပိုဒ် (၁၇) နှင့်ပတ်သက်၍ နိုင်ငံတော်၏ ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာမှုမရှိစေရေးနှင့် တရားမဝင်ကုန်ပစ္စည်းများတင်သွင်းခြင်းကိုတိုက်ဖျက်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများဖြင့် ထုတ်ပြန်၍ အရေးယူဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်မှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ လေးစားလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၀ တွင် “ နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်” ဟု ပြဋ္ဌာန်းထားသောကြောင့် အယူခံလျှောက်ထားသူအနေဖြင့် မိမိ လုပ်ကိုင်နေသောစီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူမှ တရားမဝင်တင်သွင်းရန် သိဂှက်သယ်ဆောင်လာခဲ့သည့် အခင်းဖြစ်ပစ္စည်းများသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ အရ ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီ၏ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီကြောင်းထောက်ခံချက်တို့ဖြင့် လိုင်စင် ခွင့်ပြုချက်လျှောက်ထားရရှိပြီးမှသာ တင်သွင်းခွင့်ပြုသည့် ကန့်သတ်ကုန်ပစ္စည်းဖြစ်ခြင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ ပြဋ္ဌာန်းထားသည့်စည်းကမ်းသတ်မှတ်ချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း(၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်း ကန့်သတ်ချက်များနှင့်ဆန့်ကျင်ပြီး ရည်ရွယ်ချက်ရှိရှိဖြင့်သိဂှက်၍ တရားမဝင်တင်သွင်းသယ်ဆောင်လာခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသည့်အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်း

ဖြစ်သောကြောင့် အခင်းဖြစ်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာနမှ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေး ဌာနခွဲ၏အမိန့်ကိုအတည်ပြုပြီး အယူခံလွှာကို ပလပ်ပေးနိုင်ပါရန် လျှောက်လဲသည်။

လျှောက်ထားခံရသူ ဌာနဆိုင်ရာကိုယ်စားလှယ်၏ ချေပလျှောက်လဲချက်အပေါ် လျှောက်ထားသူ၏ အကျိုးဆောင် တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက ပြန်လည်ရှင်းလင်းလျှောက်လဲရာတွင် ဌာနဆိုင်ရာ ကိုယ်စားလှယ်၏ချေပချက်တွင် အခင်းဖြစ်ပစ္စည်းများသည် "ရွှေ" ဟုသာ ချေပထားပါကြောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ နှင့် ၂၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ ဖြင့် ထုတ်ပြန်ထားသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရွှေလက်ဝတ်ရတနာ၊ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများအားတင်ပို့/တင်သွင်းခွင့်ပြုချက်နှင့်ပတ်သက်၍ လိုက်နာ ဆောင်ရွက်ရန်လုပ်ထုံးလုပ်နည်းတို့တွင် ၁၅ ပဲရည်၊ ၁၆ ပဲရည် တို့သည်သာ "ရွှေ" ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် "စံချိန်မီရွှေ" ဖြစ်သည်ဟူသော ခိုင်လုံသည့်အထောက်အထားတင်ပြထားခြင်း မရှိပါကြောင်း၊ အခင်းဖြစ်ပစ္စည်း များသည် အရောင်တင်ထားသည့်အဆင့်မျှသာရှိသဖြင့် စံချိန်မမီသည့်ရွှေများသာဖြစ်ပါကြောင်း၊ ယင်းစံချိန်မမီသည့် ရွှေများအပေါ် သွင်းကုန်လိုင်စင်မရှိရုံမျှဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမည့်အစား သင့်တင့်သော ဒဏ်ကြေး ငွေဖြင့် ရွေးယူခွင့် ပြုပေးနိုင်ပါရန်လျှောက်လဲသည်။

ဆက်လက်၍ ခုံအဖွဲ့က လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေအား " အခင်းဖြစ်ပစ္စည်းများနှင့် ပတ်သက်၍ သွင်းကုန်လိုင်စင်ကို လျှောက်ထားခဲ့ခြင်း၊ ရရှိခဲ့ခြင်း၊ တင်ပြနိုင်ခြင်းမရှိဟု ခုံအဖွဲ့က မှတ်ယူမည်ဆိုပါက မှန်ကန်ပါ သလား" ဟု မေးမြန်းရာ "မှန်ကန်ပါကြောင်း" ပြန်လည် ဖြေကြားသည်။

ခုံအဖွဲ့သည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီး ဖြစ်သည့်အပြင် လျှောက်ထားခံရသူက ချေပလွှာနှင့်အတူပေးပို့လာသည့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းဆိုင်ရာ အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များ၊ ခုံအဖွဲ့ကမေးမြန်းချက် အပေါ်ပြန်လည်ဖြေကြားချက် ကိုသာမက တည်ဆဲ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက် များကိုပါ လေ့လာခဲ့သည်။

ထိုသို့လေ့လာခဲ့ရာတွင် အမှုမှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ MAI Airline လေယာဉ်ခရီးစဉ် အမှတ် 8M-332, SF-8672 ဖြင့် ၂၀-၉-၂၀၂၄ ရက်နေ့ ၂၀:၂၀ နာရီ အချိန်ခန့်တွင် ရောက်ရှိ လာသည့် မြန်မာ နိုင်ငံသားခရီးသည် ဦးကျော်သူထိုက်၏ Hand Carry သည် X-Ray စက်ကို ဖြတ်သန်းရာ၌ မသင်္ကာ ဖွယ်ပုံရိပ်တွေ့ရှိရသဖြင့် အကောက်ခွန်စစ်ဆေးရေးကောင်တာတွင် အဖွဲ့စုံဖြင့် ပိုင်ရှင်၏ရှေ့မှောက်၌ ဖွင့်ဖောက် စစ်ဆေးရာ တရားဝင်တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော ၁၈ ကာရက် ရွှေလက်ကောက်ပျော့(သတ္တုစပ်ကြိုးပါ) ၁၅၅ ကွင်း (၅၀၀ ဂရမ်) အပါအဝင် လက်ဝတ်ရတနာမျိုးစုံ (၁၈) မျိုး၊ စုစုပေါင်းအရေအတွက် (၅၈၃၃ ခု + ၁ ထုပ်)၊ စုစုပေါင်းအလေးချိန် ၆၆၅၃.၇၅ ဂရမ်၊ စုစုပေါင်းတန်ဖိုး ကျပ် ၁,၆၁၀,၈၁၄,၀၀၀ (ကျပ် တစ်သောင်း ခြောက်ထောင့်တစ်ရာ့ရှစ်သိန်း တစ်သောင်းလေးထောင်) ကို တွေ့ရှိရသဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ယင်းအက်ဥပဒေပုဒ်မ ၁၆၇(၈) အရ အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ၏ ၂၅-၈-၂၀၂၅ ရက်စွဲပါ အမိန့်စာ အမှတ်-၁၁-ကက(လဆ)/၂၀၂၅ (၀၀၃) ဖြင့် အခင်းဖြစ်ပစ္စည်း(၁၈) မျိုးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်

အမိန့်ကိုပယ်ဖျက်ပြီး ထိုက်သင့်သောဒဏ်ကြေးဖြင့် ပြန်လည်ရွေးယူခွင့်ပြုသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် တင်ပြထားကြောင်းတွေ့ရသည်။

လျှောက်ထားသူ၏အဓိကတင်ပြချက်များအနေဖြင့် လျှောက်ထားသူသည် ထိုင်းနိုင်ငံသို့ သူငယ်ချင်းများ ဖိတ်ခေါ်၍ အလည်အပတ်သွားရောက်ခဲ့ခြင်း၊ သူငယ်ချင်းများနှင့်လည်ပတ်ပြီးနောက် Fancy လက်ဝတ်ရတနာများ ရောင်းချသည့် Shopping Mall သို့ရောက်ရှိကာ Discount ချရောင်းသည့် အခင်းဖြစ်ပစ္စည်းများကို နိုင်သလောက် ဝယ်ယူခဲ့ကြခြင်း၊ အပြန်ခရီးတွင် သူငယ်ချင်းများက ၎င်းတို့ မိသားစုများအတွက် လက်ဆောင်ပါး (Favour Parcel) အဖြစ် ထည့်ပေးလိုက်ကြခြင်း၊ ပစ္စည်းများ ထုပ်ပိုးရန်အလွယ်တကူရှိနေသည့် အရက်ဘူးခွံ သုံး ခုတွင် အလွယ်တကူ ထည့်သွင်းယူလာခဲ့ခြင်း၊ ပစ္စည်းများမှာရွှေရည်ပြည့်မီသည့်ပစ္စည်းများမဟုတ်သည်မှာ သိမ်းဆည်းမိန့်အရတွေ့မြင် နိုင်ခြင်း၊ အတွေ့အကြုံရှိသည့်သူငယ်ချင်းတစ်ဦးက လေဆိပ်အကောက်ခွန်ဌာနတွင် ကျသင့်အခွန်ပေးဆောင်ပြီး ထုတ်ယူနိုင်သည်ဟုပြောဆိုသည်ကိုယုံကြည်ခဲ့ခြင်း၊ သိမ်းဆည်းမိန့်တွင် ဖော်ပြထားသည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ၊ စည်းမျဉ်းနှင့်ညွှန်ကြားချက်များ၊ ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီ၏ ထောက်ခံချက် တို့သည်ရွှေရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်သာသက်ဆိုင်ပြီး နိုင်ငံသား တစ်ဦးကတစ်ကြိမ်တစ်ခါဝယ်ယူခဲ့သောပစ္စည်းများနှင့်မသက်ဆိုင်ဟု ရိုးသားစွာယုံကြည်ခြင်း၊ အခင်းဖြစ်ပစ္စည်း များသည် သိမ်းဆည်းမိန့်အရ ၁၈ ကာရက်သာရှိပြီး နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ တို့ပါ စည်းကမ်းချက်များအရ ရွှေအဆင့် သတ်မှတ်သည့် ၁၅ ပဲ၊ ၁၆ ပဲ သို့မဟုတ် ၂၃ ကာရက်၊ ၂၄ ကာရက်ရှိမှသာရွှေဟုသတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိသည်ကိုတွေ့ရှိရခြင်း၊သတ်မှတ်အရည်အသွေးမပြည့်မီသောအခင်းဖြစ်ပစ္စည်းများကိုပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်း သည် တည်ဆဲဥပဒေ၊ စည်းကမ်းချက်များနှင့်ဆန့်ကျင်နေခြင်း၊ အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃၊ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ပါ စာပိုဒ် (၄) နှင့် ဇယားအမှတ်စဉ် (၂၀) တို့အရ ထိုက်သင့်သောဒဏ်ကြေးငွေဖြင့်ရွေးယူခွင့်ပြုသင့်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ အရ နိုင်ငံသား ၏ အခွင့်အရေးကို ကာကွယ်ပေးရန် လိုအပ်ခြင်းတို့ကြောင့် လျှောက်ထားသူ၏ နစ်နာမှုကို ကုစားပေး ပါရန်နှင့် အခင်းဖြစ် ပစ္စည်း (၁၈) မျိုးကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည့်အမိန့်ကို ပယ်ဖျက်ပြီး ထိုက်သင့်သောဒဏ်ကြေးဖြင့် ပြန်လည်ရွေးယူခွင့်ပြုသည့်အမိန့်တစ်ရပ်ချမှတ်ပေးပါရန်လျှောက်ထားခြင်းဖြစ်ကြောင်းတွေ့ရသည်။

လျှောက်ထားခံရသူ၏ အဓိကချေပချက်များအနေဖြင့် အခင်းဖြစ်ပစ္စည်းများသည်တန်ဖိုးကြီးမားပြီး စီးပွားရေး ဆန်ဆန်ပြန်လည်ရောင်းချရန်ရည်ရွယ်ချက်ဖြင့်ဝယ်ယူခဲ့သည့်ပစ္စည်းများ ဖြစ်ရုံမျှ မက သို၀ှက်သယ်ဆောင် တင်သွင်း လာခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ အရ ရွှေဈေးကွက်စောင့်ကြည့်အကဲဖြတ်ထိန်းညှိရေးကော်မတီ၏သတ်မှတ် စံချိန်စံညွှန်းကိုက်ညီကြောင်း ထောက်ခံချက် တို့ဖြင့် လိုင်စင်ခွင့်ပြုချက်လျှောက်ထားရရှိပြီးမှသာတင်သွင်းခွင့်ပြုသည့်ကန့်သတ်ကုန်ပစ္စည်းဖြစ်ခြင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်မှတ်ချက်များအားဖောက်ဖျက်ကျူးလွန်ခြင်း၊ ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း(၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့်ကုန်ပစ္စည်းတစ်ခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်ပြီးရည်ရွယ်ချက်ရှိရှိဖြင့်သို၀ှက်၍ တရားမဝင်တင်သွင်းသယ်ဆောင်လာခြင်း ဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ တားမြစ်ထားသည့်အချက်များအား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် အခင်းဖြစ်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာနမှ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် အကောက်ခွန်

ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၏ အမိန့်ကို အတည်ပြုပြီး အယူခံလွှာကို ပလပ်ပေးနိုင်ပါရန် လျှောက်လဲထားကြောင်း တွေ့ရသည်။

ခုံအဖွဲ့၏ ကြားနာစစ်ဆေးချက်များအရ အခင်းဖြစ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ တရားဝင် တင်သွင်းခွင့် အထောက်အထား၊ စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း အငြင်းမပွား ပေါ်ပေါက်သည်။

လျှောက်ထားသူ၏အကျိုးဆောင်ရှေ့နေက လျှောက်ထားသူသယ်ဆောင်ခဲ့သော အခင်းဖြစ်ပစ္စည်းများသည်။ ၁၈ ကာရက်အဆင့်သာရှိပြီး ရွှေရည်ပြည့်မီသောပစ္စည်းများမဟုတ်သည်မှာ ထင်ရှားပြီးဖြစ်ကြောင်း၊ တင်သွင်းခွင့် လိုင်စင်မရှိရုံမျှဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမည့်အစား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇၊ ဇယား အမှတ်စဉ်(၂၀) အရလည်းကောင်း၊ စာပိုဒ် (၄) အရလည်းကောင်း ရွေးယူဒဏ်ကြေးဖြင့် ပိုင်ရှင်အား ပြန်လည် ထုတ်ယူခွင့်ပြုခြင်းသည် တရားမျှတမှန်ကန်မှုရှိမည်ဟု ယူဆကြောင်း တင်ပြထားသည်။

အခင်းဖြစ်ပစ္စည်းများသည် ရွှေရည်ပြည့်မီသည့်ပစ္စည်းများမဟုတ်စေကာမူ တစ်ကိုယ်ရည် အသုံးပြုရန်ထက် များစွာပိုမိုပြီး ပြန်လည်ရောင်းချရန်ရည်ရွယ်ချက်ဖြင့် စီးပွားရေးဆန်ဆန်တင်သွင်းလာခြင်း ဖြစ်ကြောင်း သိမ်းဆည်း ရမိသည့် အမျိုးအစား နှင့် ပမာဏ အရလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်ပေးသည့်တန်ဖိုး အရလည်းကောင်း ပေါ်လွင်ထင်ရှားသည်။

တည်ဆဲ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများအရ အခင်းဖြစ်ပစ္စည်းများကိုတင်သွင်းလိုပါက တရားဝင်ခွင့်ပြုသည့် အထောက်အထားများ၊ စာရွက်စာတမ်းများကို ရယူပြီးမှသာ တင်သွင်းခွင့်ရှိသည်။ သို့ရာတွင် အဆိုပါအထောက်အထားများရရှိရန် လျှောက်ထားခဲ့ခြင်း၊ ရရှိခဲ့ခြင်း၊ တင်ပြနိုင်ခြင်းမရှိကြောင်း အမှုတွဲပါအထောက်အထားများ အရလည်းကောင်း၊ ခုံအဖွဲ့၏ မေးမြန်းချက်အပေါ် လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက ပြန်လည်ဖြေကြားချက်အရလည်းကောင်း တွေ့ရှိရသဖြင့် အခင်းဖြစ် ပစ္စည်းများကို တရားဝင်တင်သွင်းလာခြင်းမဟုတ်သည်မှာထင်ရှားသည်။ သို့ဖြစ်ရာ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ ပြဋ္ဌာန်းပေးအပ်ထားသည့် အကောက်ခွန်ဦးစီးဌာန၏လုပ်ပိုင်ခွင့်ကို ခုံအဖွဲ့အနေဖြင့် ဝင်ရောက်ကျင့်သုံး စွက်ဖက်ရန် မသင့်ဟု ယူဆသည်။

ထို့ပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၀-၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇၊ ဇယား အမှတ်စဉ် (၂၀) သည် သွင်းကုန်လိုင်စင်၊သွင်းကုန်ပါမစ်၊သွင်းကုန်ကြေညာလွှာတို့ဖြင့် တရားဝင် တင်သွင်း လာသည့်ပစ္စည်းများနှင့်သာသက်ဆိုင်ပြီး ယခုအမှုပါ တရားဝင်တင်သွင်းလာခြင်း မဟုတ်သည့် အခင်းဖြစ်ပစ္စည်း များနှင့်သက်ဆိုင်ခြင်းမရှိဟု သုံးသပ်သည်။

သို့ဖြစ်၍ တရားဝင်တင်သွင်းခွင့်အထောက်အထား စာရွက်စာတမ်းများ ရယူတင်ပြနိုင်ခြင်းမရှိဘဲ အခင်းဖြစ် ပစ္စည်းများကိုတရားမဝင်တင်သွင်းလာခြင်းဖြစ်ကြောင်းထင်ရှားပေါ်ပေါက်သဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ နှင့် ပုဒ်မ ၁၆၇ (၈) တို့အရ အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမိန့် ထုတ်ပြန်အရေးယူဆောင်ရွက်ခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်သည့်အတွက် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၅ အရ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အကောက်ခွန်ဦးစီးဌာန၊ ကာကွယ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး က ၂၅-၈-၂၀၂၅ ရက်စွဲပါ အမိန့်စာအမှတ်- ၁၁-ကက(လဆ)/၂၀၂၅ (၀၀၃) ဖြင့် ထုတ်ပြန်ခဲ့သည့်အမိန့်ကို အတည်ပြုလျက် ဤအယူခံမှုကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဝင်းနိုင် | ဇေယျာကြည်ညွန့် | မျိုးအောင် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်)

အမှတ် ၇၃/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၁ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| (၁) | စိုးဝင်း | ကြည်း ၈၁၉၉၈ |
| (၂) | မျိုးဝင်း | ကြည်း ၈၁၉၉၉ |
| (၃) | ကျော်စိန် | ကြည်း ၈၂၀၀၀ |
| (၄) | ဝင်းနိုင်စိုး | ကြည်း ၈၂၀၀၁ |
| (၅) | မျိုးဝင်းထွဋ် | ကြည်း ၈၂၀၀၂ |
| (၆) | ရန်အောင် | ကြည်း ၈၂၀၀၃ |
| (၇) | ရန်အောင် | ကြည်း ၈၂၀၀၄ |
| (၈) | သက်တင် | ကြည်း ၈၂၀၀၅ |
| (၉) | ဆန်းထွန်း | ကြည်း ၈၂၀၀၆ |
| (၁၀) | မြင့်ဦး | ကြည်း ၈၂၀၀၇ |
| (၁၁) | သာဝင်း | ကြည်း ၈၂၀၀၈ |
| (၁၂) | ကျော်အောင် | ကြည်း ၈၂၀၀၉ |

| | | |
|---|---|---|
| (၁၃) | လင်းမြတ် | ကြည်း ၈၂၀၁၀ |
| (၁၄) | မျိုးသန်း | ကြည်း ၈၂၀၁၁ |
| (၁၅) | သန်းထွန်း | ကြည်း ၈၂၀၁၂ |
| (၁၆) | ဟာကြူအောင် | ကြည်း ၈၂၀၁၃ |
| (၁၇) | ခင်မောင်ရီ | ကြည်း ၈၂၀၁၄ |
| (၁၈) | ဌေးနိုင်ထွေး | ကြည်း ၈၂၀၁၅ |
| (၁၉) | စိုးနိုင် | ကြည်း ၈၂၀၁၆ |
| (၂၀) | ဌေးဝင်း | ကြည်း ၈၂၀၁၇ |
| (၂၁) | ခင်မောင်ဝင်း | ကြည်း ၈၂၀၁၈ |
| (၂၂) | စိုးစိုးဝင်း | ကြည်း ၈၂၀၁၉ |
| (၂၃) | အောင်ဆွေဦး | ကြည်း ၈၂၀၂၀ |
| (၂၄) | ရဲတင့် | ကြည်း ၈၂၀၂၁ |
| (၂၅) | တင့်လွင် | ကြည်း ၈၂၀၂၂ |
| (၂၆) | မျိုးမြင့်အောင် | ကြည်း ၈၂၀၂၃ |
| (၂၇) | သက်နိုင်ဦး | ကြည်း ၈၂၀၂၄ |
| (၂၈) | စိုးခိုင် | ကြည်း ၈၂၀၂၅ |
| (၂၉) | တင့်လွင် | ကြည်း ၈၂၀၂၆ |
| (၃၀) | လှမျိုးဦး | ကြည်း ၈၂၀၂၇ |
| (၃၁) | တင်မောင်ဦး | ကြည်း ၈၂၀၂၈ |
| (၃၂) | လှမိုးအောင် | ကြည်း ၈၂၀၂၉ |
| (၃၃) | ကျော်ကျော်လွင် | ကြည်း ၈၂၀၃၀ |
| (၃၄) | လှမျိုးမိုး | ကြည်း ၈၂၀၃၁ |
| (၃၅) | ခင်မောင်ဝင်း | ကြည်း ၈၂၀၃၂ |
| (၃၆) | ကျော်မြင့် | ကြည်း ၈၂၀၃၃ |
| (၃၇) | ဌေးလင်း | ကြည်း ၈၂၀၃၄ |
| (၃၈) | အောင်ဆန်းမြင့် | ကြည်း ၈၂၀၃၅ |
| (၃၉) | သန်းထိုက်ဦး | ကြည်း ၈၂၀၃၆ |
| (၄၀) | လှမိုး | ကြည်း ၈၂၀၃၇ |
| (၄၁) | ကိုကိုနိုင် | ကြည်း ၈၂၀၃၈ |
| (၄၂) | ကျော်ကျော်မြင့် | ကြည်း ၈၂၀၃၉ |
| (၄၃) | မြတ်စိုးဦး | ကြည်း ၈၂၀၄၀ |

| | | |
|---|---|---|
| (၄၄) | ဝင်းထွန်း | ကြည်း ၈၂၀၄၁ |
| (၄၅) | ဘသန်း | ကြည်း ၈၂၀၄၂ |
| (၄၆) | တင်စိုးဝင်း | ကြည်း ၈၂၀၄၃ |
| (၄၇) | အောင်ဆန်းမြင့် | ကြည်း ၈၂၀၄၄ |
| (၄၈) | စိုးနိုင် | ကြည်း ၈၂၀၄၅ |
| (၄၉) | ဝင်းမြင့်ဦး | ကြည်း ၈၂၀၄၆ |
| (၅၀) | ဝင်းမြင့်အောင် | ကြည်း ၈၂၀၄၇ |
| (၅၁) | စိုးနိုင် | ကြည်း ၈၂၀၄၈ |
| (၅၂) | ရဲဝင်း | ကြည်း ၈၂၀၄၉ |
| (၅၃) | လှသန်း | ကြည်း ၈၂၀၅၀ |
| (၅၄) | ညီညီမိုး | ကြည်း ၈၂၀၅၁ |
| (၅၅) | တင်အောင်မိုး | ကြည်း ၈၂၀၅၂ |
| (၅၆) | ညွန့်ဝင်း | ကြည်း ၈၂၀၅၃ |
| (၅၇) | တင်ကိုကို | ကြည်း ၈၂၀၅၄ |
| (၅၈) | အောင်နိုင် | ကြည်း ၈၂၀၅၅ |
| (၅၉) | ဇော်ဝင်း | ကြည်း ၈၂၀၅၆ |
| (၆၀) | သန်းထွန်း | ကြည်း ၈၂၀၅၇ |
| (၆၁) | ထွန်းလင်းဦး | ကြည်း ၈၂၀၅၈ |
| (၆၂) | ကျော်ကျော် | ကြည်း ၈၂၀၅၉ |
| (၆၃) | ဇော်ဝင်း | ကြည်း ၈၂၀၆၀ |
| (၆၄) | မောင်အေး | ကြည်း ၈၂၀၆၁ |
| (၆၅) | ရန်အေး | ကြည်း ၈၂၀၆၂ |
| (၆၆) | အောင်ကိုကို | ကြည်း ၈၂၀၆၃ |
| (၆၇) | ဝင်းနိုင် | ကြည်း ၈၂၀၆၄ |
| (၆၈) | နိုင်ထွန်းဦး | ကြည်း ၈၂၀၆၅ |
| (၆၉) | ဝင်းနိုင် | ကြည်း ၈၂၀၆၆ |
| (၇၀) | အေးဝင်း | ကြည်း ၈၂၀၆၇ |
| (၇၁) | မင်းမောင် | ကြည်း ၈၂၀၆၈ |
| (၇၂) | ကျော်နိုင် | ကြည်း ၈၂၀၆၉ |
| (၇၃) | ရဲနိုင် | ကြည်း ၈၂၀၇၀ |
| (၇၄) | ရီလွင် | ကြည်း ၈၂၀၇၁ |

| | | |
|---|---|---|
| (၇၅) | မြင့်မောင် | ကြည်း ၈၂၀၇၂ |
| (၇၆) | ကောင်းဇော် | ကြည်း ၈၂၀၇၃ |
| (၇၇) | ဋ္ဌေးလှိုင် | ကြည်း ၈၂၀၇၄ |
| (၇၈) | ထူးကို | ကြည်း ၈၂၀၇၅ |
| (၇၉) | ဇော်မင်းနိုင် | ကြည်း ၈၂၀၇၆ |
| (၈၀) | အောင်ဇော်ထွန်း | ကြည်း ၈၂၀၇၇ |
| (၈၁) | ကျော်ဇေ | ကြည်း ၈၂၀၇၈ |
| (၈၂) | သိန်းတန် | ကြည်း ၈၂၀၇၉ |
| (၈၃) | မိုးလွင်ဆန်း | ကြည်း ၈၂၀၈၀ |
| (၈၄) | ဆန်းဝင်း | ကြည်း ၈၂၀၈၁ |
| (၈၅) | သန်းထွန်း | ကြည်း ၈၂၀၈၂ |
| (၈၆) | ထွန်းဝင်းစိုး | ကြည်း ၈၂၀၈၃ |
| (၈၇) | ဘိုအောင် | ကြည်း ၈၂၀၈၄ |
| (၈၈) | စိုးခိုင် | ကြည်း ၈၂၀၈၅ |
| (၈၉) | သန်းထွေး | ကြည်း ၈၂၀၈၆ |
| (၉၀) | မြတ်စိုး | ကြည်း ၈၂၀၈၇ |
| (၉၁) | နေမျိုးလှိုင် | ကြည်း ၈၂၀၈၈ |
| (၉၂) | မြင့်ဦး | ကြည်း ၈၂၀၈၉ |
| (၉၃) | မြင့်သိန်းဝင်း | ကြည်း ၈၂၀၉၀ |
| (၉၄) | အောင်သန်း | ကြည်း ၈၂၀၉၁ |
| (၉၅) | ကျော်ထွန်းဦး | ကြည်း ၈၂၀၉၂ |
| (၉၆) | တင်စိုး | ကြည်း ၈၂၀၉၃ |
| (၉၇) | သိန်းအောင် | ကြည်း ၈၂၀၉၄ |
| (၉၈) | ဋ္ဌေးလှိုင် | ကြည်း ၈၂၀၉၅ |
| (၉၉) | မြင့်နိုင် | ကြည်း ၈၂၀၉၆ |
| (၁၀၀) | တာန်ကျင့်ရှင်းမုန် | ကြည်း ၈၂၀၉၇ |
| (၁၀၁) | မောင်ဝင်း | ကြည်း ၈၂၀၉၈ |
| (၁၀၂) | စိုင်းမင်းခိုင် | ကြည်း ၈၂၀၉၉ |
| (၁၀၃) | ဝင်းနိုင် | ကြည်း ၈၂၁၀၀ |
| (၁၀၄) | အောင်မြင့်ကျော် | ကြည်း ၈၂၁၀၁ |
| (၁၀၅) | ခင်မောင်တင့် | ကြည်း ၈၂၁၀၂ |
| (၁၀၆) | ကျော်ကျော်ဦး | ကြည်း ၈၂၁၀၃ |
| (၁၀၇) | ခင်မောင်စိုး | ကြည်း ၈၂၁၀၄ |

| | | |
|---|---|---|
| (၁၀၈) | သက်မြင့်လှိုင် | ကြည်း ၈၂၁၀၅ |
| (၁၀၉) | မင်းကြည်မြင့် | ကြည်း ၈၂၁၀၆ |
| (၁၁၀) | ခင်မောင်ထွေး | ကြည်း ၈၂၁၀၇ |
| (၁၁၁) | ကျော်စိုး | ကြည်း ၈၂၁၀၈ |
| (၁၁၂) | ကျော်သူ | ကြည်း ၈၂၁၀၉ |
| (၁၁၃) | တင်မျိုးနိုင် | ကြည်း ၈၂၁၁၀ |
| (၁၁၄) | သိန်းအောင် | ကြည်း ၈၂၁၁၁ |
| (၁၁၅) | ဝင်းကို | ကြည်း ၈၂၁၁၂ |
| (၁၁၆) | ကိုကိုထွန်း | ကြည်း ၈၂၁၁၃ |
| (၁၁၇) | ထွန်းသန်း | ကြည်း ၈၂၁၁၄ |
| (၁၁၈) | ဝင်းသိန်း | ကြည်း ၈၂၁၁၅ |
| (၁၁၉) | သန်းလွင် | ကြည်း ၈၂၁၁၆ |
| (၁၂၀) | ကျော်တင့်စိုး | ကြည်း ၈၂၁၁၇ |
| (၁၂၁) | ခင်မောင်နီ | ကြည်း ၈၂၁၁၈ |
| (၁၂၂) | ခင်မောင်ဆွေ | ကြည်း ၈၂၁၁၉ |
| (၁၂၃) | အောင်ကြည်ဝင်း | ကြည်း ၈၂၁၂၀ |
| (၁၂၄) | စိုးအောင် | ကြည်း ၈၂၁၂၁ |
| (၁၂၅) | သန်းဆောင် | ကြည်း ၈၂၁၂၂ |
| (၁၂၆) | ခင်စိုး | ကြည်း ၈၂၁၂၃ |
| (၁၂၇) | ကျော်ဇေယျ | ကြည်း ၈၂၁၂၄ |

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်)

အမှတ် ၇၄/၂၀၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၆ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၁ / ၁၀ / ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | |
|---|---|
| လှစိုး | ကြည်း ၈၂၁၂၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဥဿာမြို့သစ်အမှတ် (၆) ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၈)၊ မြေကွက်အမှတ် (၆၄၅) ရှိ **မြေဧရိယာ ၂.၀၁၃ ဧက** အား **သာမဏေကျော်ကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၉၇/OSS၊ စိုင်မင်္ဂလာမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၂၄/၃၄) ရှိ **မြေဧရိယာ ၂.၂၀ ဧက** အား **တေဟာဗုဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကုသရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ရန်ကုန်မြို့၊ အမျိုးသားသွေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နော်အယ်ထူးဖေ (ဆမ–၁၂၀၄၁) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သီတာလှ

ညွှန်ကြားရေးမှူးချုပ်

ကုသရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်<br>(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ ကြေညာစာ

**Cosmic Business Group Company Limited**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မေလ ၂၀ ရက် နံနက် ၉:၀၀ နာရီအချိန်တွင် အမှတ်–၃၈၊ အခန်းအမှတ် (၄–စီ/၄–ဒီ)၊ လေးထောင့်ကန်လမ်း၊ (ဆ/က) ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ဒေါ်ခင်စောယု

တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ (က) အရ

စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်

အကြောင်းကြားစာ

**THITSAR SHWE WAR COMPANY LIMITED**

(ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

**THITSAR SHWE WAR COMPANY LIMITED** (ဖျက်သိမ်းဆဲ) ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက်နှင့် အချိန် | ။ ။ | ၂၀၂၆ ခုနှစ်၊ မေလ ၂၃ ရက် နံနက် (၁၀:၀၀) နာရီ။ |
| ကျင်းပမည့်ပုံစံ | ။ ။ | Online Meeting |

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)

YENOOS & ASSOCIATES CONSULTING LTD

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

THITSAR SHWE WAR COMPANY LIMITED

ပ၊ ထ၊ န - အမှတ် ၆၄၇/၂၅/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၂၃၀/ ၂၄-၄-၂၀၂၆။